# နန်းတွင်းဓာတ်တော်ကြီးများ၏ ဖန်တီးမှုအတတ်ပညာ(ကုန်းဘောင်ခေတ်)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မစန်းစန်းဝေ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ပါရဂူဘွဲ့အတွက် တင်သွင်းသော ကျမ်းအမည်မှာ **“ နန်းတွင်းဇာတ်တော်ကြီးများ၏ ဖန်တီးမှုအတတ်ပညာ (ကုန်းဘောင်ခေတ်)”** ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်ပေါ် နန်းတွင်းဇာတ်တော်ကြီးများဖြစ်သော ကေသာသီရိပြဇာတ်၊ အီနောင်နန်းတွင်းဇာတ်တော်ကြီး၊ ရာမပြဇာတ်တော်ကြီး၊ ဝိဇယကာရီနန်းတွင်းဇာတ်တော်ကြီးနှင့် ဣန္ဒာဝံသနန်းတွင်းဇာတ်တော်ကြီးများကို လေ့လာတင်ပြထားပါသည်။ နန်းတွင်းဇာတ်တော်ကြီးများ၏ သဘောသဘာဝ၊ ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ပြောစကားများ၏ ဖန်တီးမှုအတတ်ပညာများ၊ ဆိုင်းဆင့်ပတ်တိုက်၊ တေးဂီတများက ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို မည်သို့ထောက်ကူပံ့ပိုးပေးထားကြောင်း စာပေနယ်မှ လေ့လာတင်ပြထားပါသည်။ ထိုကျမ်းကို လေ့လာခြင်းဖြင့် မြန်မာစာပေသမိုင်းတွင် နန်းတွင်းဇာတ်တော်များ၏ စာပေကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများ၌ အရေးပါမှု၊ ကုန်းဘောင်ခေတ် နန်းဓလေ့ ယဉ်ကျေးမှုများကို နောက်ခံပြု၍ အနုပညာရသမြောက်သောစိတ်ကူး၊ အရေးအဖွဲ့များနှင့် ပေါင်းစပ်ထားသော ဖန်တီးရေးဖွဲ့မှု အတတ်ပညာများကို နားလည်သိရှိနိုင်ပါသည်။ ရသစာပေအဖွဲ့ ပုံသဏ္ဍာန်ဖြစ်သော နန်းတွင်းဇာတ်တော်ကြီးများမှတစ်ဆင့် အုပ်ချုပ်သူလူတန်းစားတို့၌ ရှိသင့်ရှိထိုက်သော အရည်အသွေး စိတ်ဓာတ်များကို လမ်းညွှန်ပေးသည့် ကုန်းဘောင်ခေတ်စာဆိုတို့၏ စေတနာကိုလည်း သိရှိနိုင်သည့်အပြင် နန်းတွင်းဇာတ်တော်ကြီးများ၏ ရသတန်းဖိုးနှင့် စာဆိုတို့၏ အနုပညာစွမ်းအားကို ခံစားနားလည်နိုင်ခြင်းဆိုသည့် အကျိုးတရားများ ရရှိနိုင်ပါသည်။